KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ရက် / KHRG မှတ်တမ်းလွှာအမှတ် # 19-50-I1

---

# ဖာပွန် မှုခင်းဆိုင်ရာမှတ်တမ်းလွှာ : ဖာပွန်မြို့နယ်တွင်း မဲသလွတ်ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဓမ္မနေရပ်ရွှေ့ပြောင်းစေခြင်း ၂၀၁၉ခုနှစ်၊ မေလ

---

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာတွင် ၂၀၁၉ ခုနှစ်၊ မေလ ၁ရက်နေ့တွင် မဲသလွတ်ကျေးရွာအုပ်ချုပ်ရေးမှူးမှ ဘူးသိုမြို့နယ်၊ မဲကလောကျေးရွာအုပ်စု၊ လ---ကျေးရွာအနီး၊ က--- တွင်နေထိုင်ကြသော ရွာသား (၈၇) ဦးတို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လမ်းဆောက်လုပ်ရေးလုပ်ငန်းကြောင့် နေရပ်ရွှေ့ပြောင်းစေခဲ့ပါသည်။ ထို့ကြောင့် ရွာသားများအား ၎င်းတို့၏နေအိမ်များကို အဓမ္မဖြိုချခိုင်းပြီး အခြားရွာသားများ၏ လယ်ကွင်းနှင့်နီးသော နေရာသို့ရွှေ့ပြောင်းစေခဲ့ပါသည်။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ရက်နေ့တွင် အချို့ရွာသားများသည် က--- သို့ပြန်သွားခဲ့ကြပြီးအချို့သောရွာသားများသည် ရွှေ့ပြောင်းနေထိုင်ရာနေရာတွင်သာ ရှိနေသေးပါသည်။ မိမိတို့၏ နေရာသို့ပြန်သွားကြသော ရွာသားများ၏နေအိမ်များကို စီမံကိန်းအား တာဝန်ယူဆောင်ရွက်သည့်အရာရှိမှ ကတိပေး ထားသည့်အတိုင်း ပြန်လည်တည်ဆောက်ပေးခြင်းမရှိပါ။* [1]

---

## အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | အဓမ္မနေရပ်ရွှေ့ပြောင်းစေခြင်း |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၁၉ ခုနှစ်၊ မေလ ၁ရက်နေ့ |
| **အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်)** | ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ မဲကလောကျေးရွာအုပ်စု၊ က--- (လ--- ကျေးရွာအနီး) |

| **စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** |
|---|

[1] ဤအစီရင်ခံစာသည် ၂၀၁၉ ခုနှစ်၊ မေလ တွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေး အဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးသော ကွင်းမှလူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖာပွန် ရှိ ဒေသခံ တစ်ဦးမှဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓါတ်ပုံ နှင့် နေရပ်လိပ်စာအတိအကျအား လုံခြုံရေး အနေနှင့် စင်စာဖျက်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်းရေးသားထားသော အချက်အလက်များသည် KHRG ဝန်ထမ်းမှ ရှင်းပြမှုများထည့်သွင်းထားခြင်းဖြစ်သည်။

| | |
|---|---|
| *အမည်* | မ စ--- |
| **အသက်** | ၄၃ |
| **ကျား/မ** | မ |
| **လူမျိုး** | မြန်မာ |
| **မိသားစုရှိ/မရှိ** | မိသားစုရှိ |
| **အလုပ်အကိုင်** | နေစားအလုပ်သမား |
| **ကိုးကွယ်သည့် ဘာသာ** | ဗုဒ္ဓဘာသာ |
| **ရာထူးအဆင့်** | - |
| **နေရပ် ရွာအမည်** | လ--- ကျေးရွာ |

| **ပြစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | | | |
|---|---|---|---|
| **အမည်** | **ရာထူး** | **အခြေစိုက်သည့်နေရာ ဒေသ** | **အထက်အရာရှိ အမည်** |
| ဦးအောင်မြင့်ကြိုင် | မဲသလွတ်ကျေးရွာ အုပ်ချုပ်ရေးမှူး | ဖာပွန်ခရိုင်၊ မဲကလောကျေးရွာအုပ်စု၊ မဲသလွတ်ကျေးရွာ | ဘူးသိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအေး |

## အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| **(၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။** |
|---|
| မ စ--- သည် KHRG ဝန်ထမ်းအား ဖုန်းဖြင့်ခေါ်ဆိုပြီး သူမနှင့်တွေ့ဆုံကာ လူတွေ့မေးမြန်းမှု ပြုလုပ်ခဲ့ပါသည်။ |

| **(၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။** |
|---|
| မေးခွန်းဖြေဆိုသူကိုယ်တိုင်ထံမှ ဤအချက်အလက်များအား ရရှိခဲ့ပါသည်။ |

## အဆင့် ၃- အခင်းဖြစ်ပွားပုံ

| **အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။** |
|---|
| ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၁ရက်နေ့ ဝန်းကျင်ခန့်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လူသုံးဦးနှင့် မဲသလွတ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကြိုင်တို့သည် က--- နှင့် လ---ကျေးရွာကြား လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်ရန် လမ်းဆောက်လုပ်ရေးစီမံကိန်းအတွက် က--သို့ သွားရောက်လေ့လာမှုပြုလုပ်ခဲ့ကြပါသည်။ ၎င်းတို့သည် ရွာသားများအား လမ်းဆောက်လုပ်ရေးစီမံကိန်းအတွက် အသိပေးခဲ့ပြီး က--- တွင် ပေ ၄၀x၆၀ မြေကွက်ကို ၎င်းတို့အားပေးမည်ဟု ကတိပေးခဲ့ပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးသည် လမ်းဆောက်လုပ်ရေးလုပ်ငန်းအတွက် ရွာသားများထံမှ ၁၀၀၀၀ မှ ၂၀၀၀၀ ကျပ် အားပေးရန်တောင်းဆိုခဲ့ပါသည်။ |

၂၀၁၉ ခုနှစ်၊ မေလ ၁ရက်နေ့တွင် ဦးအောင်မြင့်ကြိုင်သည် က--- တွင်နေထိုင်သောအိမ်ထောင်စု ၁၃ စုမှ လူဦးရေ ၈၇ ဦးတို့အား အဓမ္မရွှေ့ပြောင်းစေခဲ့ပါသည်။ ရွာသားအများစုသည် ၂၀၁၉ ခုနှစ်ကတည်းမှစ၍ ထိုနေရာတွင် နေထိုင်လာခဲ့ကြပါသည်။ ၎င်းတို့သည် မြေယာစာချုပ်များမရှိကြသော်လည်း ကရင်အမျိုးသားအစည်းအရုံး (KNU) ထံမှ နေထိုင်ရန်ခွင့်ပြုချက်ရယူခဲ့ကြပါသည်။ ဝန်ကြီးဌာနမှ လူသုံးဦးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့သည် ထိုနေ့တွင် ဘူဒိုဇာ (လမ်းဖောက်လုပ်သောကားဖြင့်) လမ်းဆောက်လုပ်ရေးလုပ်ငန်းကိုစတင်ခဲ့ပါသည်။ ရွာသားများသည် ၎င်းတို့၏ နေရပ်မှ မပြောင်းရွှေ့ချင်ကြသော်လည်း စီမံကိန်းကို ဆန့်ကျင်ရန် ဘာမျှမတတ်နိုင်၍ နေအိမ်များကိုဖြိုချခဲ့ကြပြီး အခြားရွာသားများ၏ လယ်ယာအနီးတွင် တဲထိုး၍ နေထိုင်ခဲ့ကြပါသည်။

ရွာသားများမှ ဖြိုချခဲ့သော ၎င်းတို့အိမ်များ၏ တန်ဖိုးသည် ၅၀၀၀၀ မှ ၃၀၀၀၀၀ ကျပ် ရှိပြီး အိမ်ဖြိုချစဉ်တွင် ၎င်းတို့ နေအိမ်၏ ၂၅% ခိုင်နှုန်းသည် ပျက်စီးသွားခဲ့ပါသည်။ မ စ---မှ *"ကျမတို့နေရာကနေထွက်မသွားဘူးဆိုရင် ကျမတို့ရဲ့နေအိမ်တွေ ဘူဒိုဇာ နဲ့ဖျက်ဆီးခံရမှာကို ကြောက်ကြတယ်။ တကယ်တော့ အိမ်တွေကို ဖြိုချခိုင်းဖို့ မလိုအပ်ပါဘူး။ ဒါကြောင့်၊ ကျမတို့က မိသားစုအများစုအနေနဲ့ အခက်အခဲတွေကိုကြုံတွေ့ကြရတယ်။ သူတို့တွေ [ကျေးရွာအုပ်ချုပ်ရေးမှူးကနေပြီးတော့ ကျမတို့ကို ဒီနေရာကနေ တမင်တကာ ရွှေ့ပြောင်းစေခဲ့တယ်။[…]."*

လမ်းဆောက်လုပ်ရေးလုပ်ငန်းအား ဆောက်လုပ်စဉ် ဖာပွန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအေးမှ အခြေအနေအား ထိုနေရာသို့သွားရောက် လေ့လာမှုပြုလုပ်ခဲ့ပါသည်။ ဦးအောင်မြင့်ကြိုင်နှင့် ဝန်ကြီးဌာနမှ လူသုံးဦးတို့သည် ရွာသားများအား ပျက်စီးသွားသည့် နေအိမ်များအတွက် ပြန်လည်ဆောက်လုပ်ပေးမည်ဟု ပြောခဲ့ပြီး ဤရွှေ့ပြောင်းမှုသည်ယာယီသာဖြစ်သောကြောင့် စိုးရိမ်မှုမရှိရန် ပြောခဲ့ပါသည်။

ရွာသားအများစုသည် ၎င်းတို့ရွှေ့ပြောင်းနေထိုင်သောနေရာတွင် အိမ်ဆောက်လုပ်ရန် အိမ်အသုံးအဆောင်ပစ္စည်းများ မလုံလောက်သဖြင့် အခက်အခဲများ ကြုံတွေ့ကြရသည်။ ထို့ပြင်၊ ၎င်းတို့ အသစ်ဆောက်လုပ်သောတဲများသည် မိသားစုအများစုဖြင့်နေထိုင်သောသူများအတွက် အလွန်သေးပါသည်။ မ စ--- မှ ယင်းပြဿနာအား အသေးစိတ်ဖော်ပြထားပါသည်။ *" ဒီလူတွေကဆင်းရဲကြတယ်။ သူတို့တွေ [ကျေးရွာအုပ်ချုပ်ရေးမှူး] က ရွာသားတွေအပေါ်အဲ့လိုမလုပ်ခဲ့သင့်ဘူး […]။"* မ စ--- သည် တဲဆောက်လုပ်ရန်အတွက် ငွေကြေး ၅၀၀၀၀ ကျပ်အကုန်ကျခံခဲ့ပြီး တဲဆောက်လုပ်ရန်အတွက် ငွေကြေးကုန်ကျမှုများသည့် အခက်အခဲများနှင့်ကြုံတွေ့ရကြောင်း ပြောပြခဲ့ပါသည်။ *"တဲဆောက်တဲ့အချိန်မှာ ၅၀၀၀၀ ကျပ်ကုန်ကျတယ်။ ကျမ ကျောင်းမှာမှာ မုန့်သွားရောင်းပြီး ငွေစုခဲ့ရတယ်။ အဲ့ဒါက ဖက်ရွက်ဝယ်ပြီး အိမ်ခေါင်မိုး မိုးဖို့အတွက်ဖြစ်တယ်။"*

၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် ရွာသားများသည် က--- သို့ ပြန်သွားခဲ့ကြပါသည်။ လမ်းဆောက်လုပ်ရေးလုပ်ငန်းပြီးသည့်နောက်ပိုင်း ရွာသားများအား က--- တွင် မြေယာပေးသော်လည်း ၎င်းတို့ကတိပြုခဲ့သည့်အတိုင်း ပျက်စီးသွားသည့် အိမ်များအားပြန်လည် ဆောက်လုပ်ပေးခြင်းမရှိခဲ့ပေ။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် အိမ်ထောင်စု (၅)စုတို့သည် ၎င်းတို့ကျေးရွာသို့ပြန်သွားခဲ့ကြပြီး အခြားသူများသည် အိမ်ပြန်လည်ဆောက်လုပ်ရန် မတတ်နိုင်ကြသဖြင့် ရွှေ့ပြောင်းနေထိုင်သောနေရာ၌သာ နေထိုင်နေကြဆဲဖြစ်ပါသည်။

# အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| **ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
| --- |
| ဤအချက်အလက်များအား အသုံးပြုထုတ်ဝေရန်အတွက် ခံရသူမှ KHRG အား ခွင့်ပြုချက်ပေးခဲ့ပါသည်။ |




*ဤပုံနှစ်ပုံအား ၂၀၁၉ ခုနှစ်၊ မေလ ၃ရက်နေ့တွင် ဘူးသိုမြို့နယ်၊ မဲသလွတ်ကျေးရွာအုပ်စု၊ လ--- ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ဘယ်ဖက်တွင်ရှိသောပုံသည် ရွာသားများ အစမ္မနေရပ်ရွှေ့ပြောင်းခံရပြီးသည့်နောက် ဖြိုချခဲ့သည့် ပုံဖြစ်ပါသည်။ ညာဖက်တွင်ရှိသောပုံသည် ၎င်းတို့၏ ယာယီနေထိုင်ရာနေရာဖြစ်ပါသည်။ [ပုံ : KHRG]*




*ဤပုံနှစ်ပုံအား ၂၀၁၉ ခုနှစ်၊ မေလ ၃ရက်နေ့တွင် ဘူးသိုမြို့နယ်၊ မဲသလွတ်ကျေးရွာအုပ်စု၊ လ--- ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ဤပုံနှစ်ပုံသည် က--- တွင် ဆောက်လုပ်ခဲ့သည့် လမ်း၏ပုံဖြစ်ပါသည်။ [ပုံ : KHRG]*